# ၁၉၆၃ ခုနှစ်၊ လုပ်ငန်းများပြည်သူပိုင် ပြုလုပ်ခြင်းဥပဒေ။

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၃၃။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ လုပ်ငန်းများပြည်သူပိုင် ပြုလုပ်ခြင်း ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၆၃ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် စတင်အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ဤဥပဒေတွင် အခြားအဓိပ္ပါယ် ကောက်ယူရန် မလိုလျှင်၊ '' လုပ်ငန်း '' ဆိုသည့်စကားရပ်တွင် ဥပဒေအရ ဖွဲ့စည်းထားသည်ဖြစ်စေ၊ မဖွဲ့စည်းထားသည်ဖြစ်စေ၊ ကုမ္ပဏီ၊ အဖွဲ့အစည်း၊ လူအစု၊ သို့မဟုတ် တဦးချင်းလုပ်ကိုင်ဆောင်ရွက်သည့် စက်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ သို့မဟုတ် အခြားမည်သည့် လုပ်ငန်းမဆိုပါဝင်သည်။

၃။ ။(၁) အစိုးရမှာ မည်သည့်လုပ်ငန်းကိုမဆို၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ပြည်သူပိုင်အဖြစ် သိမ်းယူနိုင်သည့် အာဏာရှိရမည်။

(၂) ယင်းသို့အမိန့်ကြော်ငြာစာထုတ်ပြန်၍ လုပ်ငန်းတခုခုကို သိမ်းယူသည့်အခါ၊ အဆိုပါအမိန့်ကြော်ငြာစာတွင် သီးခြားဖော်ပြထားသည့်လုပ်ငန်းသည်၊ သီးခြားဖော်ပြထားသည့်နေ့ရက်တွင်၊ ပုဒ်မခွဲ (၃) နှင့်အညီ ပြည်သူပိုင်ဖြစ်လာမည်။

(၃) ယင်းသို့ ပြည်သူပိုင်အဖြစ်ကျေညာရာတွင် အောက်ပါ အချက်များ ပါဝင်ရမည်။

(က) အဆိုပါ လုပ်ငန်း၏ အပိုင်ပစ္စည်းအားလုံး၊

(ခ) အဆိုပါ လုပ်ငန်း၏ ကြွေးမြီများအနက်၊ အစိုးရက တာဝန်ယူ၍ ပေးထိုက်သော ကြွေးမြီတာဝန်များ။

၄။ ။(၁) အစိုးရသည်၊ ပြည်သူပိုင်ဖြစ်လာသည့်လုပ်ငန်းနှင့် ပစ္စည်းများကိုထိန်းသိမ်း၍ ဆက်လက်အုပ်ချုပ်သွားရန် လိုအပ်သည့်အုပ်ချုပ်ရေးအဖွဲ့ကို အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းရမည်။

(၂) အုပ်ချုပ်ရေးအဖွဲ့သည်၊ အစိုးရ၏ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

၅။ ။(၁) အစိုးရသည်၊ ဥက္ကဋ္ဌနှင့် အခြားအဖွဲ့ဝင်များ ပါဝင်သည့် လိုအပ်သော လျော်ကြေး ဆုံးဖြတ်ရေးအဖွဲ့ကို အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းရမည်။

(၂) လျော်ကြေးဆုံးဖြတ်ရေးအဖွဲ့သည်၊ အောက်ပါကိစ္စများကို သတ်မှတ်ဆုံးဖြတ်ရမည်။

(က) ဤဥပဒေအရသိမ်းယူသည့် လုပ်ငန်းပိုင်ဆိုင်သည့် ပစ္စည်းများ၏ အကြောင်းအရာများ။

(ခ) ထိုပစ္စည်းများအတွက်လုပ်ငန်းအားပေးသင့်သည့်လျော်ကြေးငွေ။ ထို့ပြင်၊

(ဂ) လျော်ကြေးပေးမည့်နည်းလမ်းများ။

၆။ ။ပုဒ်မ ၅၊ ပုဒ်မခွဲ (၂) အရ၊ လျော်ကြေးသတ်မှတ် ဆုံးဖြတ်ရာတွင် လျော်ကြေးဆုံးဖြတ်ရေးအဖွဲ့သည်၊ တရားမကျင့်ထုံးဥပဒေ၊ သို့မဟုတ် အခြားတည်ဆဲ တရား ဥပဒေတခုခုကို၊ လိုက်နာရန် မလိုအပ်စေရ။ သို့သော်လည်း ဓလျော်ကြေး ဆုံးဖြတ်ရေးအဖွဲ့သည်၊ တရားမျှတစွာဆောင်ရွက်ရမည်။

၇။ ။(၁) လျော်ကြေး ဆုံးဖြတ်ရေးအဖွဲ့သည်၊ အောက်ပါ ကိစ္စများနှင့် စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေအရ၊ တရားရုံးအားအပ်နှင်းထားသော အာဏာ များရှိမည်။

(က) အကြောင်းအရာများကို ဖွင့်လှစ် ထုတ်ဖေါ်စေခြင်းနှင့် ကြည့်ရှု စစ်ဆေးစေခြင်း။

(ခ) သက်သေများကို လာရောက်စေရန် ရွှေရောက်ဆင့်ခေါ်ယူခြင်း၊ သက်သေစရိတ်တင်သွင်းစေရန် ဆင့်ဆိုခြင်း။

(ဂ) စာချုပ်၊ စာတမ်းများကိုတင်ပြစေရန် ရွှေရောက်ဆင့်ဆိုခြင်း။

(ဃ) သက်သေများကို ကျမ်းသစ္စာဖြင့် စစ်ဆေးခြင်း။

(င) ရွှေဆိုင်းခွင့်ပေးခြင်း။

(စ) ကျမ်းကျိန် လွှာဖြင့် ထွက်ဆိုသော သက်သေ ထွက်ချက်ကို လက်ခံခြင်း။

(ဆ) သက်သေများကိုစစ်ဆေးရန်အာဏာလွှဲအမိန့်များထုတ်ခြင်း။

ထို့မှတပါး လျော်ကြေးဆုံးဖြတ်ရေးအဖွဲ့သည်၊ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၈၀ နှင့် ၄၈၂ တို့၏ အဓိပ္ပါယ်အရ၊ တရားမရုံးဖြစ်သည်ဟု မှတ်ယူရမည်။

(၂) လျော်ကြေးဆုံးဖြတ်ရေးအဖွဲ့ဝင်တဦးသည်၊ အဖွဲ့ဝင်အဖြစ် မဆောင် ရွက်နိုင်လျှင်၊ အစိုးရသည် ထိုအဖွဲ့ဝင်အစား၊ အခြားသင့်တော်သူတဦးကို ခန့်ထား ရမည်။ ထိုသူကို လျော်ကြေးဆုံးဖြတ်ရေးအဖွဲ့ စတင်ဖွဲ့စည်းစဉ်ကပင် အဖွဲ့ဝင်အဖြစ် ခန့်ထားဘိသကဲ့သို့ လျော်ကြေး ဆုံးဖြတ်ရေးအဖွဲ့သည်၊ မိမိ၏ မှုခင်းကိစ္စများကို ဆက်လက်ဆောင်ရွက်ရမည်။

(၃) လျော်ကြေး ဆုံးဖြတ်ရေးအဖွဲ့ဝင်များ ထင်မြင်ယူဆချက် ကွဲလွဲသည့် အခါ၊ ထိုလျော်ကြေးဆုံးဖြတ်ရေးအဖွဲ့ဝင်များအနက် ၏ ထင်မြင်ယူဆချက်သည် အတည် ဖြစ်စေရမည်။

(၄) လျော်ကြေးဆုံးဖြတ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်ကို မည်သည့်တရားရုံး တွင်မျှ အယူခံခွင့်၊ ပြင်ဆင်ခွင့်မရှိစေရ။

(၅)' အစိုးရသည်၊ လျော်ကြေးဆုံးဖြတ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်ကို သင့် လျော်သလိုပြင်ဆင်နိုင်သည်။

၈။ ။အစိုးရသည်၊ ဤဥပဒေပါကိစ္စများအလို့ငှါ လိုအပ်သည် ထင်မြင်သည့် ညွှန်ကြားချက်များကို ထုတ်ဆင့်နိုင်သည်။

၉။ ။အစိုးရသည်၊ ဤဥပဒေပါကိစ္စများ အထမြောက်အောင် ဆောင်ရွက်ရန် နည်းဥပဒေများကို အမိန့်ကြော်ငြာစာဖြင့် ပြုနိုင်သည်။

၁၀။ ။ဤဥပဒေနှင့်အညီငင်း၊ ဤဥပဒေအရ ပြုသည့် နည်းဥပဒေများနှင့်အညီငင်း၊ သဘောရိုးဖြင့် ပြုလုပ်သည့်၊ သို့မဟုတ် ပြုလုပ်ရန် ကြံရွယ်သည့် ပြုမှု တခုခုအတွက် မည်သူ့ကိုမျှတရားမမှု၊ ရာဇဝတ်မှု၊ သို့မဟုတ် အခြားတရားမှုခင်း စွဲဆိုခြင်းမပြုရ။

၁၁။ ။ဤဥပဒေတွင်ငင်း၊ ဤဥပဒေအရ ပြုသည့် နည်းဥပဒေများတွင်ငင်း၊ အတည့်အလင်းပြဋ္ဌာန်းထားသည်မှတပါး၊ ဤဥပဒေနှင့် အဆိုပါ နည်းဥပဒေများအရ ပြုလုပ်သည့် ပြုမှုတခုခုအတွက် အစိုးရအား မည်သည့်တရားမမှု၊ သို့မဟုတ် တရားမှုခင်း စွဲဆိုခြင်းမပြုရ။

၁၂။ ။မည်သူမဆို၊ ဤဥပဒေကိုသော်ငင်း၊ ဤဥပဒေအရပြုသည့် နည်းဥပဒေ၊ သို့မဟုတ် ထုတ်ဆင့်သည့် ညွှန်ကြားချက်ကိုသော်ငင်း၊ ဆန့်ကျင်လျှင်၊ သို့မဟုတ်၊ ဤဥပဒေအရဆောင်ရွက်သူတဦးအားဖြစ်စေ၊ဆောင်ရွက်သူအများအားဖြစ်စေ၊တနည်းနည်းဖြင့် အနှောင့်အရှက်ပေးလျှင်၊ သို့တည်းမဟုတ် နစ်နာစေလျှင်ငါးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။